သင်တို့ မတိုင်မီ ခေတ်ကာလ၌ ဘုရင်တစ်ပါးရှိခဲ့ပြီး၊ထိုဘုရင့်ထံတွင် စာဟိရ်(

ဂျာဒူ‌မှော်အတတ်ပညာတတ်ကျွမ်းသူ)တစ်ဦးရှိခဲ့သည်

စုဟိုင်ဘ် (ရဿွိယလ္လာဟုအန်ဟု) မှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြား‌တော်မူသည်။ သင်တို့ မတိုင်မီ ခေတ်ကာလ၌ဘုရင်တစ်ပါးရှိခဲ့ပြီး၊ ထိုဘုရင့်ထံတွင် စာဟိရ်(ဂျာဒူ‌မှော်အတတ်ပညာတတ်ကျွမ်းသူ)တစ်ဦးရှိခဲ့သည်။ ထိုမှော်ဆရာသည် အသက်ကြီးလာသောအခါ ဘုရင်အား ‘ကျွန်တော်မျိုးသည်အသက်ကြီးရင့်လာပါပြီ။ သို့ဖြစ်ပါ၍ ဂျာဒူမှော်အတတ်ပညာကို ကျွန်တော်မျိုး
သင်ပေးနိုင်ရန် လူငယ်တစ်ဦးကို ကျွန်တော်မျိုးထံ စေလွှတ်တော်မူပါ’ ဟု
တင်ပြလေသည်။သို့ရှိရာ ဘုရင်သည် မှော်ပညာသင်ကြားရန် လူငယ်တစ်ဦးကို
စေလွှတ်လိုက်လေသည်။ ထိုလူငယ်သွားသော လမ်းတွင် နစွရာနီဘုန်းတော်ကြီး (ရာဟိဘ်) တစ်ပါးရှိ၏။ လူငယ်သည် ထိုဘုန်းတော်ကြီးထံ ထိုင်ကာ သူ၏စကားကို နားထောင်မိ၏။
ထိုစကားများက သူ့အား အလွန်နှစ်သက်စေခဲ့သည်။ ထို့နောက်မှစ၍
မှော်ဆရာထံသို့သွားတိုင်း ဘုန်းတော်ကြီးထံ ခေတ္တဝင်ရောက်၍ ထိုင်လေ့ရှိလာသည်။ဤသို့ဖြင့် မှော်ဆရာထံ(နောက်ကျမှရောက်သောကြောင့် မှော်ဆရာက သူ့အား
ရိုက်နှက်လေ့ရှိသည်။ ထိုအခါ လူငယ်သည် ဤဒုက္ခကို ဘုန်းတော်ကြီးထံ
ညည်းငြူတိုင်တန်းရာ ဘုန်းတော်ကြီးက “ အကယ်၍ အသင်သည် မှော်ဆရာကို
ကြောက်ရသည့်အခါတွင် ‘မိသားစုကချုပ်နှောင်ထားသဖြင့်(နှောင့်နှေးကြန့်ကြာစေပါသည်’)ဟု ပြောလိုက်ပါ။ အကယ်၍
မိသားစုကို ကြောက်ရသည့်အခါတွင် ‘မှော်ဆရာက ချုပ်နှောင်ထားသဖြင့် (နှောင့်နှေးကြန့်ကြာစေပါသည်’) ဟု ပြောလိုက်ပါ” ဟု အကြံပေးလေသည်။ ဤသို့ရှိနေစဉ်
တစ်နေ့တွင် လူအုပ်ကြီးကို ခြောက်လှန့်ပိတ်ဆို့ထားသော ကြီးမားသည့်
သတ္တဝါကြီးတစ်ကောင်နှင့် လူငယ်တို့ဆုံမိလေသည်။ ထိုအခါ လူငယ်က ဤသို့ဆို၏-
“ယနေ့ပင် မှော်ဆရာနှင့် ဘုန်းတော်ကြီး မည်သူက ပိုမိုမြင့်မြတ်သည်ကို ကျွန်ုပ်သိရတော့မည်”။ ထို့နောက် သူသည် ကျောက်တုံးတစ်တုံးကို ကောက်ယူကာ “အို-
အလ္လာဟ်အရှင်မြတ်၊ အကယ်၍ ဤဘုန်းတော်ကြီး၏ ရပ်တည်ချက်မှာ မှော်ဆရာ၏ ရပ်တည်ချက်ထက်အရှင်မြတ်ထံတွင် ပိုနှစ်သက်မြတ်နိုးဖွယ်ဖြစ်လျှင် လူအများသွားလာနိုင်ရန် အတွက်ဤသတ္တဝါကို အရှင်မြတ် သတ်ပစ်တော်မူပါ' ဟုဆုတောင်းကာ ကျောက်တုံးကို ပစ်လိုက်သည်။ကျောက်တုံးသည် သတ္တဝါကို ထိမှန်ကာ သေစေလိုက်၏။ လူများလည်း
ဆက်လက်သွားလာနိုင်ကြလေသည်။ လူငယ်သည် ဘုန်းတော်ကြီးထံသို့သွားကာ ဖြစ်စဉ်ကို
ပြောပြလေသည်။ ထိုအခါ ဘုန်းတော်ကြီးက “ချစ်သား၊ ယနေ့ သင်သည် ကျွန်ုပ်ထက်
သာလွန်မြင့်မြတ်သွားပြီ။ သင်၏အဆင့်အတန်းသည် ကျွန်ုပ်မြင်ရသည်ထက်
ကျော်လွန်နေပြီ။ သင်သည် စမ်းသပ်ခြင်းကို ခံရတော့မည်။ အကယ်၍ စမ်းသပ်ခံရပါက
ကျွန်ုပ်အကြောင်း မည်သူ့ကိုမျှ မဖော်ပြလေနှင့်” ဟု ပြောဆိုလိုက်လေသည်။ ထို့နောက်ထိုလူငယ်သည် မွေးရာပါမျက်စိကန်းသူများနှင့် အနာကြီးရောဂါသည်များကို
ကျန်းမာစေနိုင်သည့် စွမ်းရည်ကို ရရှိလာကာ အခြားသော ရောဂါဝေဒနာများကိုလည်း
ကုသနိုင်စွမ်းရှိလာလေသည်။ ဘုရင်၏ အပါးတွင် ထိုင်လေ့ရှိသော

ထိုအခါလူငယ်က “အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်အလိုရှိတော်မူသော နည်းဖြင့်
ဤသူတို့မှ ကျွန်တော်မျိုးကို ကာကွယ်စောင့်ရှောက်ပေးသနားတော်မူပါ” ဟု
ဆုတောင်းခဲ့၏။ ထိုအခါလှေသည် သူတို့နှင့်အတူ လှည့်ပြီး လှန်ချော်ကာ သူတို့အားလုံးရေနှစ်သေဆုံးခဲ့ကြ၏။ ထိုလူငယ်မှာမူဘုရင်ထံသို့ လမ်းလျှောက်ပြန်လာခဲ့၏။ဘုရင်က“မင်းရဲ့အဖော်တွေ ဘယ်ရောက်သွားတာလဲ” ဟု မေး၏။ လူငယ်က“အလ္လာဟ်အရှင်မြတ်က
ကျွန်တော့်ကို သူတို့မှ ကာကွယ်စောင့်ရှောက်ပေးသနားတော်မူပါပြီ” ဟု ဖြေကြား၏။
ထို့နောက် လူငယ်သည် ဘုရင်အား “ ကျွန်ုပ် အသင့်ကို ညွှန်ကြားသည့်အတိုင်း
မပြုလုပ်မချင်း အသင် ကျွန်ုပ်ကို သတ်နိုင်မည် မဟုတ်ပါ” ဟု ပြော၏။ဘုရင်က“အဘယ်နည်း” ဟု မေး၏။ လူငယ်က“လူအားလုံးကို တစ်နေရာတည်းတွင် စုရုံးစေ၍
အကျွန်ုပ်ကို သစ်ပင်၏ ပင်စည်တစ်ခုပေါ်တွင် ကြိုးဖြင့်ချိတ်ဆွဲထားပါ။ ထို့နောက်အကျွန်ုပ်၏ မြားအိမ်ထဲမှ မြားတစ်စင်းယူပါ။ ထိုမြားတံကို လေးအတွင်း၌ တပ်ဆင်ပါ။ထို့နောက် “ဤလူငယ်၏ ရဗ်အရှင်သခင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏နာမံတော်ဖြင့်အစပြုပါ၏” ဟု ဆိုကာ ကျွန်ုပ်ကို မြားဖြင့်ပစ်လွှတ်ပါ။ အကယ်၍ အသင်ထိုသို့ပြုလုပ်လျှင် အသင် ကျွန်ုပ်ကို သတ်နိုင်မည် ဖြစ်ပါသည်” ဟု ပြော၏။ ထိုအခါဘုရင်သည် လူအားလုံးကို တစ်နေရာတည်းတွင် စုရုံးစေ၍ ထိုလူငယ်ကို သစ်ပင်၏
ပင်စည်တစ်ခုပေါ်တွင် ကြိုးဖြင့်ချိတ်ဆွဲထားစေ၏။ ထို့နောက် သူ၏ မြားအိမ်ထဲမှမြားတစ်စင်းယူကာ လေးကိုင်း အတွင်း၌ တပ်ဆင်လိုက်၏။ ထို့နောက် “ ဤလူငယ်၏ ရဗ်
အရှင်သခင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့်အစပြုပါ၏” ဟု ဆိုကာသူ့အား မြားဖြင့် ပစ်လွှတ်လိုက်၏။ မြားသည်လူငယ်၏ နားထင်သို့ ထိမှန်ကာ လူငယ်သည်မြားထိမှန်ရာ နားထင်ကို လက်ဖြင့် ကိုင်တွယ်ကာ သေဆုံးကွယ်လွန်သွားခဲ့၏။ ထိုအခါလူအုပ်ကြီးက “ကျွန်ုပ်တို့သည် ဤလူငယ်၏ ရဗ်အရှင်သခင်ကိုအီမာန်သက်ဝင်ယုံကြည်ကြပါပြီ။ ကျွန်ုပ်တို့သည် ဤလူငယ်၏ ရဗ်အရှင်သခင်ကို
အီမာန်သက်ဝင် ယုံကြည်ကြပါပြီ။ ကျွန်ုပ်တို့သည် ဤလူငယ်၏ ရဗ်အရှင်သခင်ကို
အီမာန်သက်ဝင် ယုံကြည်ကြပါပြီ” ဟု ကြွေးကြော်ခဲ့ကြ၏။ ထိုသတင်းသည် ဘုရင်ထံသို့ရောက်ရှိလာပြီး “အရှင်မင်းကြီး စိုးရိမ်ထိတ်လန့်နေခဲ့တဲ့ အရာ နောက်ဆုံးတော့ဖြစ်လာပါပြီ။ အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ အရှင်မင်းကြီး စိုးရိမ်ခဲ့သည့်အတိုင်းလူတွေ အားလုံးနီးပါး ယုံကြည်သူဖြစ်သွားကြပါပြီ” ဟု လျှောက်တင်ကြ၏။ ထိုအခါ
ဘုရင်သည် လမ်းဆုံလမ်းခွတိုင်းတွင် မီးတွင်းကြီးများ တူးစေပြီး မီးများ
ထွန်းညှိစေ၏။ ထို့နောက် “မည်သူမဆို မိမိ (လက်ရှိ ယုံကြည်နေသည့်) သာသနာကို
မစွန့်လွှတ်ပါက ထိုမီးတွင်းကြီးများထဲသို့ သူတို့ကို ပစ်ချလိုက်ကြ” သို့မဟုတ် “မီးထဲသို့ ခုန်ချခိုင်းကြ” ဟု အမိန့်ထုတ်ပြန်၏။ လူများသည်ထိုကဲ့သို့ပင်
ပြုလုပ်ကြ၏။ နောက်ဆုံးတွင်မိခင်တစ်ဦးသည် သူမ၏ ကလေးငယ်နှင့်အတူ ရောက်ရှိလာခဲ့၏။
မီးတွင်းထဲသို့ ခုန်ချရန် သူမသည် တွန့်ဆုတ်နေခဲ့၏။ ထိုအခါကလေးငယ်က ဤသို့
ပြောဆိုခဲ့၏။ “အို- ကျွန်ုပ်၏ ချစ်လှစွာ သော မိခင်၊ သည်းခံခိုင်မြဲပါ။ ဧကန်စင်စစ်
အသင်မသည် အမှန်တရားပေါ်၌ ရှိနေပါသည်"။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာကျွန်ုပ်တို့မတိုင်မီက လူမျိုးတစ်မျိုးတွင် ဘုရင်တစ်ပါး ရှိခဲ့ဖူးသည်။ထိုဘုရင်ထံတွင် မှော်အတတ်ပညာရှင် တစ်ဦးရှိခဲ့သည်။ ထို မှော်ဆရာသည် အိုမင်းလာသောအခါဘုရင်အား ဤသို့လျှောက်ထားသည်- “ကျွန်ုပ် အိုမင်းလာပါပြီ။ ထို့ကြောင့် လူငယ်တစ်ဦးကိုကျွန်ုပ်ထံသို့ စေလွှတ်ပေးပါ။” ကျွန်ုပ် ထိုလူငယ်အား မှော်ပညာကို သင်ကြားပေးပါမည်။ထိုအခါဘုရင်သည် မှော်ဆရာထံ မှော်အတတ်ပညာကို သင်ယူစေရန် လူငယ်တစ်ဦးကိုစေလွှတ်လိုက်လေသည်။ ထိုလူငယ်သည် မှော် ဆရာထံသွားသော လမ်းတွင် နစ်ွရာနီဘုန်းတော်ကြီးတစ်ပါးနှင့် တွေ့လေ၏။ တစ်ကြိမ်တွင် ထိုဘုန်းတော်ကြီးထံ ထိုင်နေရင်း သူ၏စကားကိုကြားလိုက်ရသဖြင့် နှစ်သက်သဘောကျသွားလေသည်။ ထို့နောက်မှစ၍ သူသည် မှော်ဆရာဆီသို့

အီမာန်သက်ဝင်ယုံကြည်ကြပါပြီ။ ကျွန်ုပ်တို့ ဤလူငယ်၏ ရဗ်အရှင်သခင်ကိုအီမာန်သက်ဝင်ယုံကြည်ကြပါပြီ” ဟု ကြွေးကြော်ကြကုန်၏။ ထိုအခါ(မူးမတ်တို့သည်) ဘုရင်ထံသို့ လာရောက်ကာ “ အသင် စိုးရိမ်‌နေခဲ့သည်အရာကို မြင်တွေ့နေရ‌ပြီမဟုတ်လော ” ဟုပြောဆိုကြ၏။ အလ္လာဟ်အရှင်မြတ်၏ ကစမ်၊ အသင် စိုးရိမ်ကြောက်ရွံ့ခဲ့သည့် အရာပင်အသင့်အပေါ် ကျရောက်လာပြီ ဖြစ်သည်။ ထိုအရာမှာ လူတို့အားလုံး ထိုလူငယ်ကို လိုက်နာကာသူ၏ ရဗ်အရှင်သခင်ကို အီမာန်သက်ဝင်ယုံကြည်ကြခြင်းပင် ဖြစ်သည်”။ ထိုအခါ ဘုရင်သည်လမ်းဆုံလမ်းခွတို့တွင် ကြီးမားကျယ်ပြန့်သော မြေတွင်းကြီးများ တူးစေပြီးထိုအတွင်းသို့ မီးများထွန်းညှိကာ မီးရှို့စေ၏။ ထို့နောက် “မည်သူမဆို၎င်း၏ဒီန်သာသနာကို မစွန့်လွှတ်ပါက ထိုမီးတွင်းထဲသို့ ပစ်ချကြလော့” ဟုအမိန့်ပေးလိုက်၏။ ထိုအခါ မူးမတ်တို့သည် ဘုရင်၏အမိန့်အတိုင်း ဆောင်ရွက်ကြ၏။နောက်ဆုံးတွင် အမျိုးသမီးတစ်ဦးသည် ကလေးငယ်တစ်ဦးနှင့်အတူ ရောက်ရှိလာ၏။ သူမသည်မိမိ၏နေရာ၌ပင် မလုပ်မရပ် ရပ်တန့်ကာ မီးထဲသို့ ဝင်ရန် မဝံ့မရဲ ဖြစ်နေလေသည်။ ထိုအခါသူမ၏ကလေးငယ်က- “အို-အမေ...သည်းခံပါ။ အမေသည် အမှန်တရားပေါ်၌သာ ရှိနေပါသည်” ဟုပြောဆိုလိုက်လေသည်။

https://sunnah.global/hadeeth/my/show/3303